## စီမံကိန်းအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းလျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ စည်ပင်သာယာရေးအဖွဲ့များ၏ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်း နည်းဥပဒေအရ တည်ဆောက်လိုသည့် အထပ်အမြင့်အလိုက် သတ်မှတ်ထားသည့်လျှောက်လွှာတွင်ပါဝင်သော စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရပါမည်။

၂။ အိမ်ရာစီမံကိန်းအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် သက်ဆိုင်သည့်ဌာန အဖွဲ့အစည်းတို့၏ ထောက်ခံချက်ပါရှိရပါမည်။ (ပြည်နယ်အဆင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့်အခြားသက်ဆိုင်သည့်ဌာန)

၃။ အိမ်ရာစီမံကိန်းဧရိယာမှ ထွက်ရှိမည့် မိလ္လာနှင့်ရေဆိုးတို့အား ထားသိုစွန့်ပစ်မည့်အစီအစဉ် (Sewerage Management Plan) တင်ပြရပါမည်။

၄။ အိမ်ရာအဆောက်အအုံများဝန်းကျင် ရေစီးရေလာကောင်းမွန်ရေး စီမံဆောင်ရွက်ထားရှိမှုစနစ် (Drainage System) တင်ပြရပါမည်။

၅။ အိမ်ရာစီမံကိန်းဧရိယာမှ ထွက်ရှိမည့် အမှိုက်နှင့်စွန့်ပစ်ပစ္စည်းများ သိမ်းဆည်းစွန့်ပစ်မှုအစီအစဉ် (Solid Waste Management Plan) တင်ပြရပါမည်။

၆။ အိမ်ရာစီမံကိန်းအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(Environmental Management Plan–EMP) တင်ပြရပါမည်။